The Soortee Bara Bazaar Municipalization (Second Amendment) Act 1951.
(Act No LIII of 1951)

# ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ စူရတီ ဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

ဤအက်ဥပဒေသည်၊ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို၊ မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း အက်ဥပဒေပုဒ်မ ၉ တွင်၊ ပုဒ်မခွဲ (၁) နောက်၌ အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မခွဲ (၁-က) အဖြစ်ဖြင့်ထည့်သွင်းရမည်။

"(၁-က) အခြားတည့်ဆဲ တရားဥပဒေတခုခုတွင်ဖြစ်စေ၊ သဘောတူစာချုပ်စာတမ်းတခုခုတွင်ဖြစ်စေ၊ မည်သို့ပင်ဆန့်ကျင်လျက်ပါရှိစေကာမူ၊ ထိုအုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်သမတ၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ မိမိသင့်လျော်သည် ထင်မြင်သည့်အတိုင်း၊ အဆိုပါစူရတီဘာရားဘဇား (သိမ်ကြီးဈေး) ရှိဈေးဆိုင်များနှင့် ဈေးရောင်းသည့်နေရာများကို အငှါးချထားနိုင်ရမည့်ပြင်၊ ထိုဈေးကိုလည်း မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတက၊ ဤကိစ္စအတွက်ပြုလုပ်သည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ စီမံအုပ်ချုပ်နိုင်ရမည်။ နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် ထိုအုပ်ချုပ်ရေးအဖွဲ့က ဤပုဒ်မခွဲအရ ဆောင်ရွက်သည့်အတွက်၊ တဦးတယောက်သော သူကိုလျော်ကြေး၊ သို့တည်းမဟုတ် အခြားကြေးငွေပေးရန်၊ နိုင်ငံတော်သမတမှာသော်၎င်း၊ ထိုအဖွဲ့မှာသော်၎င်းတာဝန်မရှိစေရ။"

G.U.B.C.P.O.—No. 59, M. of J.A., 13-12-51—2,250—II.

Price,—One anna.]